# ၁၉၅၄ ခုနှစ်၊ သံအရာရှိများနှင့် ကောင်စစ် အရာရှိများ (ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၉။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ သံအရာရှိများနှင့်ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန် ကြော်ငြာ၍ သတ်မှတ်သည့် နေ့ရက်တွင် အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကို ထောက်ထားရန် မလိုလျှင်—

(က) "ကောင်စစ်အရာရှိ" ဆိုသည့်တွင် ကောင်စစ်ဝန်ချုပ်၊ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန်၊ ကောင်စစ် ကိုယ်စားလှယ်၊ ယာယီအမှုဆောင် ကောင်စစ်ဝန် တို့ပါဝင်သည့်ဖြစ်၊ ထိုကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်၊ ဒုတိယ ကောင်စစ်ဝန်၊ ကောင်စစ် ကိုယ်စားလှယ်တဦးဦး၏တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန် အာဏာလွှဲအပ်ခြင်း ခံရသော အခြားပုဂ္ဂိုလ်လည်း ပါဝင်သည်။ ထို့ပြင်

(ခ) "သံအရာရှိ" ဆိုသည်မှာ၊ သံအမတ်ကြီး၊ သံတမန်၊ သံအမတ်၊ တာဝန်ခံ သံရုံးကိုသော်၎င်း၊ သံကြီးရုံး၏၊ သို့တည်းမဟုတ် သံရုံး၏ အတွင်းဝန်ကိုသော်၎င်း ဆိုလိုသည်။

၃။ ။(၁) သံအရာရှိ၊ သို့တည်းမဟုတ် ကောင်စစ်အရာရှိ အသီးသီးသည် မိမိအလုပ်ဝတ်တရား ဆောင်ရွက်ရာ တိုင်းတပါးတွင်ဖြစ်စေ၊အရပ်တပါးတွင်ဖြစ်စေ ကျမ်းသစ္စာကို၎င်း၊ ကျမ်းကျိန်လွှာကို၎င်း ပေးနိုင်သည်၊ ထို့ပြင်ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နိုတြီ အရာရှိဆောင်ရွက်နိုင်သော မည်သည့် နိုတြီ ကိစ္စကိုမဆို ဆောင်ရွက်နိုင်သည်။ အဆိုပါပုဂ္ဂိုလ်ကဖြစ်စေ၊ အဆိုပါပုဂ္ဂိုလ်၏ရှေ့၌ဖြစ်စေ ပေးသည့် ကျမ်းသစ္စာ၊ ကျမ်းကျိန်လွှာ အသီးသီးသည်၎င်း၊ ဆောင်ရွက်သည့် နိုတြီကိစ္စအသီးသီးသည်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမည်သည့်ဒေသ၌မဆို၊ ဥပဒေအရအာဏာပိုင်တဦးဦးကဖြစ်စေ၊ ထိုအာဏာပိုင်၏ရှေ့၌ဖြစ်စေ နည်းလမ်းတကျပေးဘိသကဲ့သို့၊ သို့တည်းမဟုတ် ဆောင်ရွက်ဘိသကဲ့သို့ အကျိုးသက်ရောက်ရမည်။

(၂) ဤအက်ဥပဒေအရ ကျမ်းသစ္စာပေးရန်အာဏာရရှိသူ တဦးဦးက ဖြစ်စေ၊ ထိုသူ၏ရှေ့၌ဖြစ်စေ ပေးသည့်ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကျမ်းကျိန်လွှာဖြစ်ကြောင်း၊ သို့တည်းမဟုတ် ဆောင်ရွက်သည့်နိုတြီကိစ္စ ဖြစ်ကြောင်းသက်သေခံ အဖြစ်ဖြင့်၊ ထိုသူ၏တံဆိပ်နှင့် လက်မှတ် ခွဲကပ်သည့်၊ သို့တည်းမဟုတ် ရိုက်နှိပ်သည့်၊ သို့တည်းမဟုတ် ရေးထိုးသည့် သဘောသက်ရောက်သော မည်သည့်စာတမ်းအမှတ်အသားမဆို၊ ထိုတံဆိပ်သည်၊ သို့တည်းမဟုတ် ထိုလက်မှတ်သည်၊ ထိုသူ၏တံဆိပ်၊

အဘိုး—၁၀ ပြား]

သို့တည်းမဟုတ် လက်မှတ်ဖြစ်ကြောင်းကို သော်၎င်း၊ ယင်းသူ၏ရာဟူးနှင့် စပ်လျဉ်း၍ သော်၎င်း သက်သေထင်ရှားပြ၍ သက်သေခံဝင်ရမည်။

၄။ ။မည်သူမဆို၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီကျိန်ဆိုသည့်၊ သို့တည်းမဟုတ်ပြုသည့်ကျမ်းသစ္စာတွင်၊ သို့တည်းမဟုတ် ကျမ်းကျိန်လွှာတွင် မဟုတ် မမှန်ကျိန်ဆိုလျှင်၊ ထိုသူကို၊ သုံးနှစ်ထိ ထောင်ဒဏ်စီရင်ရမည့်ပြင်၊ ငွေဒဏ်လည်း စီရင်နိုင်သည်။

၅။ ။မည်သူမဆို၊ ဤအက်ဥပဒေအရ ကျမ်းသစ္စာပေးရန် အာဏာရှိသူ၏ တံဆိပ်ကိုဖြစ်စေ၊ လက်မှတ်ကိုဖြစ်စေ လိမ်လည်တုပလျှင်၊ သို့တည်းမဟုတ် အတုပြုလျှင်၊ သို့တည်းမဟုတ် လိမ်လည်လှည့်ပြားလိုသောသဘောဖြင့် ပြောင်းလဲလျှင်သော်၎င်း၊ ဤသို့လိမ်လည်တုပထားသည့်၊ သို့တည်းမဟုတ် အတုပြုထားသည့်၊ သို့တည်းမဟုတ် လိမ်လည်လှည့်ပြားလိုသောသဘောဖြင့် ပြောင်းလဲထားသည့် တံဆိပ်ဖြစ်စေ၊ လက်မှတ်ဖြစ်စေ ပါရှိသောကျမ်းကျိန်လွှာကို လိမ်လည်တုပထားသည့်၊ သို့တည်းမဟုတ် အတုပြုထားသည့်၊ သို့တည်းမဟုတ် လိမ်လည်လှည့်ပြားလိုသောသဘောဖြင့် ပြောင်းလဲထားသည့်တံဆိပ်၊ သို့တည်းမဟုတ် လက်မှတ်ဖြစ်ကြောင်းသိလျက်နှင့် သက်သေခံအဖြစ် တင်ပြလျှင်သော်၎င်း၊ အခြားနည်းဖြင့် အသုံးပြုလျှင်သော်၎င်း ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်စီရင်ရမည့်ပြင်၊ ငွေဒဏ်လည်း စီရင်နိုင်သည်။

၆။ ။ဤအက်ဥပဒေအရ၊ ပြစ်မှုတခုခုကိုကျူးလွန်လျှင်၊ ထိုပြစ်မှုကျူးလွန်သည်ဟုစွဲဆိုခြင်းခံရသူအား ဖမ်းဆီးရာ၊ သို့တည်းမဟုတ် အချုပ်ချထားရာ ပြည်ထောင်စုနိုင်ငံအတွင်း မည်သည့်ဒေသ၌မဆို၊ ထိုပြစ်မှုကိုအဆိုပါဒေသ၌ ကျူးလွန်ဘိသကဲ့သို့၊ စုံစမ်းခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ စစ်ဆေးစီရင်ခြင်း၊ ပြစ်ဒဏ်စီရင်ခြင်း ပြုနိုင်သည်။

၇။ ။(၁) နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အထူးအားဖြင့် အဆိုပါနည်းဥပဒေများသည်——

(က) ဤအက်ဥပဒေအရ စည်းကြပ်နိုင်သည့် အခကြေးငွေနှုန်းကို၎င်း၊ အဆိုပါ အခကြေးငွေများ စည်းကြပ်ရန်၊ ကောက်ခံရန်၊ စာရင်းတင်သွင်းရန်နှင့် သုံးစွဲရန် နည်းလမ်းကို၎င်း ပြဋ္ဌာန်းနိုင်သည်။

(ခ) သံမှုရုံးရှိအား၊ သို့တည်းမဟုတ် ကောင်စစ်အရာရှိအား ဤအက်ဥပဒေအရ အပ်နှင်းထားသည့် တာဝန်ဝတ္တရားများ ဆောင်ရွက်ရသည့်အတွက် အခပေးရန်လိုလျှင်၊ ထိုအခကို ပြဋ္ဌာန်းနိုင်သည်။

(ဂ) ဤအက်ဥပဒေနှင့်အညီ ထားရှိရမည့် မှတ်ပုံစာရင်းများနှင့် ပြုလုပ်ရမည့် အစီရင်ခံစာရင်းများကို ပြဋ္ဌာန်းနိုင်သည်။ ထို့ပြင်

(ဃ) အခကြေးငွေနှုန်းစာရင်းများ ထုတ်ပြန်ဝေငှရန် နည်းလမ်းကို ပြဋ္ဌာန်းနိုင်သည်။

ပ၊မ၊ပ၊စ၊ အမှတ် ၁၂၉၊ တရားရေးဝန်ကြီးဌာန၊ ၆-၅-၅၄—၂,၀၀၀—၂။